# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 3, 2019 Volume 24, Number 3


| ၃.၁၀.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၉၈ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၇၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၀/- ကျပ် |
| CBM Rate | = ၁၅၃၂.၁ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၇၉.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၈.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၈၇.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၃၀.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၉.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၄.၃၃ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၅၆၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၇.၂၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၉၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၁၂၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ကြက်သွန်နီများအား တရုတ်နှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှ ဝယ်ယူလာတာကြောင့် ဈေးနှုန်းများမြင့်တက်လာ



မြန်မာနိုင်ငံမှထွက်ရှိသည့် ကြက်သွန်နီများကို တရုတ်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှ ဝယ်ယူလာတာကြောင့် မန္တလေးကြက်သွန်ဈေးကွက်တွင် ကြက်သွန်နီဈေးနှုန်းများ မြင့်တက်နေကြောင်း မန္တလေးမြို့ ကြက်သွန်နီပွဲရုံများထံမှ သတင်းရရှိသည်။

ကြက်သွန်နီဈေးနှုန်းမှာ တစ်နိုင်ငံလုံးအနေဖြင့် ဒေသပေါက်ဈေး ပျမ်းမျှ တစ်ပိဿာလျှင် ၇၅၀ ကျပ်မှ ၈၀၀ ကျပ်ရှိနေပြီး မန္တလေးဈေးကွက်တွင် တစ်ပိဿာလျှင် ၁၀၀၀ ကျပ်ထိဖြစ်လာကာ၊ တစ်ပိဿာလျှင် ၁၅၀ ကျပ်ခန့်ထိ မြင့်တက်သွားကြောင်း ကြက်သွန်နီပွဲရုံများကပြောသည်။ ဈေးက နည်းနည်းချင်းတက်နေတယ်။ တစ်ပတ်လောက်တော့ရှိပြီ။ တရုတ်ဘင်္ဂလားဒေ့ရှ်က ဝယ်နေတယ်။ သူတို့က ဝယ်လို့သာ အခုလို ဈေးကောင်းတာ။ သူတို့သာမဝယ်ရင် မြန်မာ့ကြက်သွန်ဈေးကျတာ တော်တော်ဆိုးသွားမယ်။ ဘာလို့လဲဆိုတော့ ဒီနှစ်ကအရည်အသွေးလည်းကျတယ်ဟု မန္တလေးမြို့ ရွှေမန်းလှ ကြက်သွန်ပွဲရုံပိုင်ရှင် ဦးဝင်းမြင့်ကပြောသည်။ ယင်းကဲ့သို့ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ကြက်သွန်နီများ ဆက်လက်ဝယ်ယူနေပါက မြန်မာ့ကြက်သွန်နီဈေးနှုန်းမှာ လက်ရှိဈေးနှုန်းထက် ထပ်မံမြင့်တက်လာနိုင်ကြောင်း ကုန်သည်များကဆိုသည်။

ယခင်နှစ်များက ပြည်တွင်းကြက်သွန်နီဈေး တစ်ပိဿာလျှင် ၁၀၀၀ ကျပ်ကျော်ပါက တရုတ်နိုင်ငံက ကြက်သွန်နီများကို ပြန်လည်တင်သွင်းလေ့ရှိသည်။ ယခုနှစ်တွင် ၁၀၀၀ ကျပ်ထိ မြင့်တက်လာသော်လည်း တရုတ်ကြက်သွန်နီများကို တင်သွင်းနိုင်ဖွယ်မရှိသေးကြောင်း ကြက်သွန်ပွဲရုံပိုင်ရှင်များကပြောသည်။ လာမည့် မိုးကြက်သွန်နီအသစ်များ ထွက်ပေါ်လာမည့် နိုဝင်ဘာနှင့်ဒီဇင်ဘာလများတွင် မြစ်သားပင်လေး ကြက်သွန်နီများ ရာသီဥတုကြောင့် ပျက်စီးမှုအခြေအနေပေါ် မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ကြောင်း ကုန်သည်များထံမှသိရသည်။

Source: AMIA–Farmer Digital TV

## ကုမ္ပဏီမှတ်ပုံတင်ကြေးများ ထပ်မံလျှော့ချ

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ကုမ္ပဏီမှတ်ပုံတင်ကြေးများကို ထပ်မံလျှော့ချရန် သတ်မှတ်ခဲ့သည်။ ကုမ္ပဏီမှတ်ပုံတင်ကြေးများကို၂၀၁၉-၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာ ၁ ရက်မှစတင်၍ ယခင်ကျပ် ၂၅၀၀၀၀ မှ ကျပ် ၁၅၀၀၀၀ သို့ လျှော့ချသတ်မှတ်လိုက်သည်။ အစိုးရသည် ၂၀၁၆ ၊ ဇွန်တွင် ကုမ္ပဏီမှတ်ပုံတင်ကြေးကို ကျပ် ၁၀ သိန်းမှ ကျပ်ငါးသိန်းသို့ လျှော့ချပေးခဲ့ပြီး ၂၀၁၈၊ ဩဂုတ်တွင် ကုမ္ပဏီမှတ်ပုံတင်ကြေးကို ကျပ်ငါးသိန်းမှ ကျပ် ၂၅၀၀၀၀ သို့ လျှော့ချခဲ့သည်။ ယခုဘဏ္ဍာနှစ်တွင်လည်း ကုမ္ပဏီမှတ်ပုံတင်ကြေးကို ထပ်မံလျှော့ချပေးခဲ့ခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/129133.html

## ကျပ်ငွေတန်ဖိုး အားပျော့ခြင်းက နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ဆန်ဈေးလျှော့ချရောင်းနိုင်ဟုဆို

ကျပ်ငွေတန်ဖိုး အားပျော့နေခြင်းကြောင့် နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ဆန်ကို ဈေးအနည်းဆုံးလျှော့ချရောင်းနိုင်သည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် တာဝန်ရှိသူအချို့ကပြောသည်။ နိုင်ငံတကာဈေးကွက်တွင် ၂၅ မှတ်အမျိုးအစား မြန်မာ့ဆန် တစ်တန်လျှင် ကန်ဒေါ်လာ ၂၈၀ ခန့်ဈေးဖွင့်သည်။ မြန်မာ့ဆန်တစ်တန်ဈေးနှုန်းက ဗီယက်နမ်ဆန်ထက် ၂၅ ဒေါ်လာ၊ ထိုင်းဆန်ထက် ဒေါ်လာ ၁၀၀ ကျော် လျော့နည်းနေသည်။ နိုင်ငံတကာ ဈေးကွက်တွင် ဗီယက်နမ် ၂၅ မှတ် ဆန်တစ်တန်ဈေးက ၃၀၄ ဒေါ်လာနှင့် ထိုင်း ၂၅ မှတ် ဆန်တစ်တန်လျှင် ၃၈၇ ဒေါ်လာဈေးဖွင့်သည်။ မြန်မာ့ဆန်က ဈေးနည်းတော့ ဝယ်သူကစိတ်ဝင်စားတယ်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဧဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးက ပြောသည်။

လက်ရှိတွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့ရန် သင်္ဘောနှစ်စီးဆိပ်ကမ်းသို့ရောက်ရှိနေပြီး တန်ချိန်ငါးသောင်းခန့် တင်ပို့နိုင်မည်ဖြစ်သည်။ အောက်တိုဘာ ၁ ရက်တွင် ပြည်တွင်းငွေကြေးဈေးကွက်၌ တစ်ဒေါ်လာလျှင် ၁၅၃၇ ကျပ်ခန့် ရှိနေသည်။ နိုင်ငံတကာဈေးကွက်မှ မြန်မာ့ဆန်ဈေးကို လက်ရှိငွေလဲနှုန်းဖြင့် တွက်ပါက ၂၅ မှတ် ဆန်တစ်တန်၏ ဈေးနှုန်းက ကျပ်လေးသိန်းသုံးသောင်းကျော်ဈေးရှိသည်။ ပြည်ပဆန်ဈေးကွက်တွင် အလားအလာကောင်းများရှိနေသကဲ့သို့ ရန်ကုန်ဆန်ဈေးကွက်တွင်လည်း သင်္ဘောတင်ရှိသည့်ရက်များ၌ ဆန်ဈေးအနည်းငယ်မြင့်တက်လေ့ရှိသည်ဟု ဘုရင့်နောင် ဆန်ကုန်စည်ဒိုင် အတွင်းရေးမှူး ဦးသန်းဦးကပြောသည်။ မြန်မာနိုင်ငံတွင် အောက်တိုဘာသည် မိုးစပါးများအသစ်ပေါ်ချိန်ဖြစ်ပြီး တစ်နှစ်လျှင် စပါးတန်ချိန်သန်း ၂၀ ခန့်ရှိသည်။ မြန်မာနိုင်ငံ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုတွင် မိုးစပါးက ၇၇ ရာခိုင်နှုန်းပါဝင်သည်။

**Source:** https://7daydaily.com/detail?id=167596

## ပြည်တွင်း၌ ငွေသားမဲ့ ပေးချေသုံးစွဲမှု ရာခိုင်နှုန်းမြင့်တက်

မြန်မာနိုင်ငံ ငွေသားမဲ့ ငွေပေးချေသုံးစွဲလိုသူ ၂၆ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း ကမ္ဘာ့တစ်ဝန်း ဒစ်ဂျစ်တယ် ငွေပေးချေမှုလုပ်ငန်းနယ်ပယ်တွင် ဦးဆောင်နေသည့် Visa က ၎င်းတို့၏ စစ်တမ်းအပေါ် အခြေခံကာထုတ်ပြန်သည်။ ရန်ကုန်၊ မန္တလေး၊ ပုသိမ်နှင့်မကွေးစသည့် မြို့ကြီးလေးမြို့ရှိ လူဦးရေ ၅၀၄ ဦးကို ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းအတွင်းက တွေ့ဆုံကောက်ယူထားခဲ့သည့် စစ်တမ်းအပေါ်အခြေခံကာ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

၂၀၁၇ ခုနှစ်ကမူ ဖြေဆိုသူအားလုံး၏ ၇ ရာခိုင်နှုန်းသာ ဒစ်ဂျစ်တယ်စနစ်ဖြင့် ငွေပေးချေလိုသူများရှိခဲ့ပြီး ၂၀၁၈ ခုနှစ် စစ်တမ်းကောက်ယူရာတွင် ၂၆ ရာခိုင်နှုန်းအထိ ရှိလာခဲ့သည်ဟုဖော်ပြထားသည်။

**Source:** https://myanmar.mmtimes.com/news/129134.html

## မြန်မာ- အိန္ဒိယ-တရုတ် စီးပွားရေးစင်္ကြံတစ်ခု တည်ဆောက်ရန်ကြိုးပမ်းမည်

မြန်မာနိုင်ငံကို အာဆီယံတံခါးပေါက်ဖြစ်လာရန် မြန်မာ-အိန္ဒိယ-တရုတ် စီးပွားရေးစင်္ကြံတစ်ခု တည်ဆောက်နိုင်အောင် ကြိုးစားရမည်ဟု ရန်ကုန်တိုင်း ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကပြောသည်။ လူဦးရေများပြားပြီး နည်းပညာလည်းဖွံ့ဖြိုးသော

တရုတ်၊ အိန္ဒိယတို့နှင့် ပေါင်းစည်းခြင်းဖြင့် အာဆီယံဝင်ပေါက်သည် မြန်မာနိုင်ငံဖြစ်လာနိုင်မည်ဟု ၄င်းကပြောသည်။ ယခုလ ၂၇ ရက်တွင် ပြုလုပ်သော မြန်မာအိန္ဒိယတရုတ် ချစ်ကြည်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း တည်ထောင်မှု အထိမ်းအမှတ် ညစာစားပွဲနှင့် တရုတ်စီးပွားရေးကုန်သည်များ၊ မြန်မာ–အိန္ဒိယကုန်သည်ကြီးများအသင်းနှင့် ပြည်တွင်းရှိ ကုန်သည်အသင်း ၁၀ သင်းတို့ နားလည်မှု စာချွန်လွှာ ရေးထိုးခဲ့ခြင်းအခမ်းအနားတွင် ၄င်းက ပြောဆိုခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံနှင့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးမှ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးအထိ တက်လှမ်း ဆောင်ရွက်ရမည်ဖြစ်ပြီး အိန္ဒိယနိုင်ငံနှင့်လည်း နယ်စပ်ဒေသကုန်သွယ်ရေးနယ်ပယ်အထိ နှစ်နိုင်ငံကြားချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများရှိပြီး ယင်းတို့ကိုအခြေပြု၍ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက် ရမည်ဟု ၄င်းကဆိုသည်။ ထိုသို့လုပ်ဆောင်ရန် ခြေလှမ်းတစ်ခုဖြစ်သည့် မြန်မာ–အိန္ဒိယ–တရုတ် ချစ်ကြည်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းသည် တရုတ်၊ အိန္ဒိယနိုင်ငံတို့နှင့် စီးပွားရေးပူးပေါင်းလုပ်ဆောင်မှုများ ပြုလုပ်မည်ဖြစ်ပြီး တရုတ်နှင့် ဆောက်လုပ်ရေးလုပ်ငန်းများ၊ စတီးလ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မည်ဟု အဆိုပါအသင်း၏ ဒုတိယဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်ကပြောသည်။ ပြည်သူများ အလုပ်အကိုင်များစွာရရှိရန် စက်မှုဇုန်များတည်ထောင်၍ စက်ရုံများအကောင် အထည်ဖော်ရန် ကြိုးစားနေကြောင်းလည်း ၄င်းကပြောသည်။ ကျွန်တော်တို့ အိန္ဒိယနဲ့လည်းလုပ်မယ်။ တရုတ်နဲ့လည်း လုပ်မယ်။ ကျွန်တော်တို့နဲ့အဆင်ပြေတဲ့နိုင်ငံတွေနဲ့ စက်မှုဇုန်တည်ထောင်မယ်။ မြန်မာနိုင်ငံသားတွေ အလုပ်အကိုင်ရရှိမှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ ဦးတည်ချက်ကတော့ စက်မှုဇုန်လည်းလုပ်မယ်။ ကူးသန်းရောင်းဝယ်ရေးလုပ်မယ်။ အိန္ဒိယနိုင်ငံ အတွက်ဆို ပဲ၊ အာဖရိကအတွက် ဆန်၊ အဲဒီလို ကျွန်တော်တို့ ကြိုးစားနေပါတယ်ဟု ၄င်းက ပြောသည်။ အဆိုပါအသင်းကို အောက်တိုဘာလအတွင်း တရားဝင်မှတ်ပုံတင်မည်ဖြစ်သည်။

လက်ရှိတွင် တရုတ်ရင်းနှီးမြှုပ်နှံမှုသည် မြန်မာနိုင်ငံတွင် နံပါတ် ၂ နေရာတွင် ရပ်တည်နေပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနစာရင်းများအရ ယခုနှစ် ဩဂုတ်လကုန်အထိ အမေရိကန်ဒေါ်လာ ၂၀,၈၁၉ ဒသမ ၂၇၇ သန်းဖိုး ဝင်ရောက်ထားပြီး မြန်မာနိုင်ငံရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ၏ ၂၅ ရာခိုင်နှုန်းကျော်ရှိသည်။ အိန္ဒိယနိုင်ငံ၏ ရင်းနှီး မြှုပ်နှံမှုသည် နံပါတ် ၁၁ နေရာတွင်ရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၇၆၈ ဒသမ ၅၆၇ သန်းဖိုးရှိသည်။ တရုတ်နှင့် မြန်မာကုန်သွယ်မှုပမာဏသည် ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၊ ဇူလိုင်လအထိ အမေရိကန်ဒေါ်လာ ၉ ဒသမ ၆ ဘီလျံကျော်ရှိပြီး အိန္ဒိယနှင့် ကုန်သွယ်မှုမှာ ကန်ဒေါ်လာ ၁၁၇၃ သန်းကျော်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/129158.html

## ပြည်ပနိုင်ငံခြောက်ခုကို ဆိုက်ရောက်ဗီဇာ စတင်ခွင့်ပြု

ပြည်ပနိုင်ငံခြောက်ခုဖြစ်သည့် အီတလီ၊ စပိန်၊ ဂျာမနီ၊ ရုရှား၊ ဆွစ်ဇာလန်နှင့် ဩစတြေးလျနိုင်ငံတို့မှ ကမ္ဘာလှည့်ခရီးသည် များကို အောက်တိုဘာလ ၁ ရက်မှစ၍ ဆိုက်ရောက်ဗီဇာ စတင်ခွင့်ပြုပြီဖြစ်သည်။ ဂျပန်၊ တရုတ်နှင့်ကိုရီးယားနိုင်ငံတို့မှ ခရီးသွားဧည့်သည်များကို ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှစ၍ ဗီဇာဖြေလျှော့ပေးခဲ့သည့်နည်းတူ အနောက်နိုင်ငံ များကိုပါ ဗီဇာဖြေလျှော့မှုပေးရန် ခရီးသွားလုပ်ငန်းရှင်များက တင်ပြတောင်းဆိုခဲ့ရာ ယခုကဲ့သို့ ထပ်မံတိုးမြှင့်ခွင့်ပြုလိုက်ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာလေဆိပ်များဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်စသည့် နိုင်ငံတကာ ဝင်ပေါက်များမှသာ ဆိုက်ရောက်ဗီဇာစနစ်ဖြင့် ခရီးသည်များကို ဝင်ရောက်ခွင့်ပြုထားသည်။ လက်ရှိတွင် ဆိုက်ရောက်ဗီဇာ စနစ်ဖြင့် နိုင်ငံပေါင်း ၅၀ ကျော်ကို မြန်မာနိုင်ငံမှ ဝင်ရောက်ခွင့်ပြုပေးထားပြီး ကမ္ဘာလှည့်ခရီးသည်များအတွက် နေထိုင်ခွင့် ၂၈ ရက် ရရှိမည်ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/129144.html

## မြန်မာ-တရုတ် ဘဏ္ဍာရေးဝန်ဆောင်မှု ဆွေးနွေး

တရုတ်နိုင်ငံမှအကြီးဆုံးဘဏ်ဖြစ်သည့် Industrial and Commercial Bank of China Limited (ICBC) နှင့် ကုန်သည်စက်မှုအသင်းချုပ်တို့ ပူးပေါင်းပြီး မြန်မာ-တရုတ် ဘဏ္ဍာရေးဝန်ဆောင်မှုဆွေးနွေးပွဲကို ပြီးခဲ့သည့်ရက်သတ္တပတ်တွင် ကျင်းပခဲ့သည်။ အဆိုပါဘဏ်သည် မြန်မာတွင် ဘဏ်လုပ်ငန်းလုပ်ကိုင်ရန် လိုင်စင်ရရှိထားပြီး ၂၀၁၅ တွင် ဘဏ်ရုံးခွဲကို ရန်ကုန်၌ ဖွင့်လှစ်ထားသည်။ မြန်မာနှင့်တရုတ်နှစ်နိုင်ငံအကြားတရားဝင်ကုန်သွယ်မှုအတွက် တရုတ်ငွေကြေးသုံးစွဲမှုဆိုင်ရာ ဝန်ဆောင်မှုနှင့် စည်းမျဉ်းစည်းကမ်းများကို စီးပွားရေးလုပ်ငန်းရှင်များသို့ ရှင်းပြဆွေးနွေးခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/129147.html

## ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်းအတွက် ဆွေးနွေး

ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ၉ ကြိမ်မြောက် မြန်မာ-ထိုင်း ပူးတွဲလုပ်ငန်းကော်မတီ (JCC) ဝန်ကြီးအဆင့် အစည်းအဝေးပွဲကို အောက်တိုဘာလ ၃ ရက်၊ နေပြည်တော်ရှိ Park Royalဟိုတယ်တွင် ကျင်းပပြုလုပ်သည်။ အထူးစီးပွားရေးဇုန်၏ Full Phase အဆင့်တွင် မြန်မာ-ဂျပန်-ထိုင်း သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ယခုလုပ်ဆောင်မည့် JCC ဝန်ကြီးအဆင့် အစည်းအဝေးတွင်လည်း ဂျပန်က ပထမဦးဆုံးအကြိမ် ပါဝင်လာမည်ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/129137.html

## ရခိုင်ဒေသထွက် ငါးခြောက်များ ဘင်္ဂလားဒေ့ရှ်သို့ စတင်တင်ပို့



ရခိုင်ပြည်နယ်ဒေ သအသီးသီးမှ ငါးခြောက်များကို မောင်တောနယ်စပ်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စတင်တင်ပို့နေပြီဖြစ်ကြောင်း မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ အရာရှိတစ်ဦးကပြောသည်။ ငါးခြောက်က မိုးတွင်းမှာတင်ပို့ရမှုနည်းပါတယ်။ ပွင့်လင်းရာသီအောက်တိုဘာလောက်ကနေ မေလလောက်အထိ တင်ပို့ရတဲ့ပမာဏများပါတယ်။ အခုဆိုရင် သံတွဲ၊ စစ်တွေဘက်က ငါးခြောက်တွေ တော်တော်များများဝင်လာပြီဖြစ်ပါတယ်။ ငါးခြောက်မျိုးစုံက မောင်တောနယ်စပ်ကနေ ဘင်္ဂလားဒေ့ရှ်ကို တင်ပို့ရတဲ့ ရေထွက်ပစ္စည်းထဲမှာ ပမာဏများများ တင်ပို့ရတဲ့ ပို့ကုန်တစ်ခုဖြစ်ပါတယ်ဟု အထက်ပါ အရာရှိကပြောသည်။

မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့သည့် ငါးခြောက်အမျိုးအစားများသည် ငါးနီတူခြောက်၊ ငါးကုန်းညှပ်ခြောက်နှင့် ငါးစုံကလေးခြောက်တို့ဖြစ်ပြီး ငါးနီတူခြောက်နှင့်ငါးကုန်းညှပ်ခြောက်မှာ ဈေးကောင်း ရသည့် ပို့ကုန်များဖြစ်ကြောင်း ငါးခြောက်တင်ပို့သူ ဦးသိန်းမောင်ကပြောသည်။ မောင်တောနယ်စပ်မှ ငါးခြောက်မျိုးစုံ ဘင်္ဂလားဒေ့ရှ် ဈေးကွက်သို့ တင်ပို့နေသော်လည်း ပင်လယ်ပြင်တွင် ငါးဖမ်းဆီးရရှိမှုလျော့နည်းလာသဖြင့် ငါးခြောက်ထုတ်လုပ်မှု လျော့နည်းလာကြောင်း သံတွဲမြို့ရှိ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများကပြောသည်။

**Source:** https://7daydaily.com/detail?id=167438&fbclid=IwAR07dSXj8DFd3lqu7JXYp ZnL1RHP xM--9jiRdklkRS55-AScBhTmuRRUGYg

## အခြေခံ စပါးဈေးနှုန်း အောက်တိုဘာ ၁၅ ရက်မတိုင်မီ ထုတ်ပြန်ပေးမည်




အခြေခံစပါးဈေးနှုန်းကို မိုးစပါးမထွက်ပေါ်မီ အောက်တိုဘာ ၁၅ ရက်မတိုင်မီ ထုတ်ပြန်ကြေညာပေးမည်ဖြစ်ကြောင်း ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ သုံးသပ်အကြံပြုတင်ပြရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်ထူး က ပြောသည်။ လက်ရှိတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က အခြေခံစပါး

ဈေးနှုန်းသတ်မှတ်နိုင်ရန် ဈေးနှုန်းများတွက်ချက်ထားမှုအရ စပါးတင်းတစ်ရာလျှင် ကျပ် ၄၈၀၀၀၀၊ ကျပ် ၅၀၀၀၀၀ နှင့် ကျပ် ၅၂၀၀၀၀ စသည့် သုံးမျိုးထဲမှ တစ်မျိုးမျိုးကို အတည်ပြု သတ်မှတ်နိုင်ရန် အစိုးရကို တင်ပြထားသည်။ ယခင်က စက်တင်ဘာလအတွင်း အခြေခံစပါးဈေးနှုန်းကို အစိုးရကအတည်ပြု ထုတ်ပြန်ရန်စီစဉ်ထားသော်လည်း တောင်သူများ၊ ကုန်သည်များ နှစ်ဦးနှစ်ဖက်လုံး အဆင်ပြေနိုင်မည့်ဈေးနှုန်း ဖြစ်စေရန် အသေးစိတ် တွက်ချက်နေရသဖြင့် အောက်တိုဘာလရောက်မှသာ ထုတ်ပြန်နိုင်တော့မည်ဖြစ်သည်။ ဒီဈေးနှုန်းကို တောင်သူ လယ်သမားဘက်က ကျေနပ်မှု မရှိဘူးဆိုရင် နိုင်ငံတစ်ဝန်းဆန္ဒပြမှုတွေလည်း ဖြစ်ပေါ်လာနိုင်တဲ့အနေအထားရှိပါတယ်။ ဒါပေမယ့် အားလုံးကျေနပ်တဲ့ နှုန်းထားဖြစ်ဖို့လည်းခက်ခဲတယ်ဟု ဦးအောင်ထူးက ဆက်လက်ပြောသည်။ လက်ရှိတွင်လည်း တောင်သူများက အခြေခံစပါးဈေးနှုန်းနှင့်ပတ်သက်ပြီး အမျိုးမျိုး ဝေဖန်ပြောဆိုမှုများနှင့်အတူ ဆန္ဒပြမှုများပါ ဖြစ်ပေါ်နေသည်။ အခြေခံစပါးဈေးမသတ်မှတ်မီ စပါးဈေးကျဆင်းမှုကြောင့် အခက်အခဲများဖြစ်ပေါ်နေရခြင်းနှင့် သင့်တင့်သည့်ဈေးနှုန်းတစ်ရပ် သတ်မှတ်ပေးရေးကိုလည်း စက်တင်ဘာ ၂၅ ရက်က သာယာဝတီမြို့နယ်မှ သုံးဆယ်မြို့နယ်အထိ လမ်းလျှောက်ဆန္ဒ ထုတ်ဖော်ခဲ့ကြသည်။

ဆန္ဒပြတောင်သူများက အခြေခံစပါးဈေးနှုန်းတစ်ရပ် သတ်မှတ်ပေးရေးအပြင် အခြေခံလယ်သမားဘဝများ မြှင့်တင်ပေးရေး၊ စပါးဈေးကွက်မူဝါဒပြင်ဆင်ရေး၊ လယ်ယာမြေဥပဒေများ ပြင်ဆင်ပေးရေးစသည့် အချက်လေးချက်ကို တောင်းဆိုခဲ့သည်။ သာယာဝတီမြို့နယ်ရှိ တောင်သူလယ်သမား ၁၀၀၀ ကျော်က ၄၆ ပေါင်ရှိစပါးတစ်တင်းလျှင် အခြေခံဈေးနှုန်းအဖြစ် ကျပ် ၇၀၀၀ သတ်မှတ်ပေးရန် ဆန္ဒပြပြီးတောင်းဆိုခြင်းဖြစ်သည်။ အခြေခံဈေးနှုန်းတောင်းဆိုရတာရဲ့ ရည်ရွယ်ချက်က ဘယ်နည်းနဲ့ပဲတွက်တွက်တစ်ဧကကို ကျပ် ၃၆၀၀၀၀ နဲ့ အထက်မှာကုန်ကျစရိတ်ရှိတယ်။ စပါးတစ်ဧကကို ဘယ်လိုပဲ ကောင်းအောင်စိုက်စိုက် ရာသီဥတုကောင်းမွန်မှ တစ်ဧေ တင်း ၆၀၊ ၆၅ တင်းရမှာ။ ဒီကြားထဲအဆင်မပြေဖြစ်ခဲ့ရင် စိုက်စရိတ်တွေဆုံးရှုံးရတယ်။ အခုတောင်းဆိုတာ ကျွန်တော်တို့ ကုန်ကျစရိတ်၊ အရင်းအနှီးတွေကို ပေါင်းပြီးတော့ အကျိုးအမြတ် တစ်စုံတစ်ရာတော့ပေးသင့်တယ်လို့ယူဆပြီး စပါးတစ်တင်းကို ကျပ် ၇၄၀၀၀ တောင်းရတာဖြစ်တယ်ဟု သာယာဝတီမြို့နယ်ရှိ လယ် ၁၀ ဧက စိုက်ပျိုးထားသည့် တောင်သူဦးမြင့်ထွန်းက ပြောသည်။အခြေခံစပါးဈေးနှုန်း သတ်မှတ်နိုင်ရေးအတွက် စဉ်းစားဆုံးဖြတ်ရာတွင် အခြေခံကျသည့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ရှေ့တန်းတင်ရန် လိုအပ်ကြောင်း ပဲခူးတိုင်းဒေသကြီးရှိ လွှတ်တော်ကိုယ်စားလှယ်အချို့က သုံးသပ်ပြောကြားသည်။ ယမန်နှစ်က စပါးတင်း ၁၀၀ လျှင် အခြေခံဈေးနှုန်း ကျပ်ငါးသိန်း သတ်မှတ်လိုက်ချိန်တွင် စပါးဈေးမှာ ကျပ်ငါးသိန်းအထက်တွင်သာ ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ် အရောက် နွေစပါးပေါ်ချိန်တွင် စပါးဈေးနှုန်းများမှာ တင်း ၁၀၀ ကို ကျပ်ငါးသိန်းအောက်ကျဆင်းသွားခဲ့ရသည်။

အစိုးရက စပါးစိုက်တောင်သူများအတွက် အခြေခံစပါးဈေးနှုန်းသတ်မှတ်နိုင်ရေး ကြိုးစားနေသည့်အပြင် အထူးအစီအစဉ်အဖြစ် ပြည်ပသို့စပါးအတိုင်း တင်ပို့ခွင့်ပြုရန် ဆွေးနွေးနေကြောင်းလည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးလည်းဖြစ်သူဦးအောင်ထူးကပြောသည်။ လက်ရှိတွင် စပါးကို ပြည်ပတင်ပို့ ခွင့်မပြုထားသော်လည်း ယခုနှစ်တွင် ဆန်လက်ကျန်များနေသည့်အတွက် အထူးကိစ္စရပ်အဖြစ်ဆောင်ရွက်ရန် ဆွေးနွေးနေကြောင်း၊ သို့သော် ပြည်ပကို စပါးအတိုင်း သွားပါက ပြည်တွင်း၌ ဆန်ကွဲ၊ ဖွဲနု ကုန်ကြမ်းများရှားပါးလာနိုင်ခြင်းကြောင့် ကန့်ကွက်မှုများလည်း ရှိနေသည်။ “အခု ယူနန်က စပါးအတိုင်း ဝယ်ယူချင်တာ၊ ရောင်းမယ်ဆိုရင် ဈေးကွက်ပြန်လှုပ်လာနိုင်တာပေါ့။ ဒါပေမယ့် ဒါကကျွန်တော့်အမြင်ဆိုရင်

ကုန်ကြမ်းတိုင်းသွားတာဟာ ရောင်းချစရာမလိုဘူး။ ဖြစ်စေချင်တာက အစိုးရကနေအရန်ဆန် ဝယ်ယူပေးမယ်ဆိုရင် အတိုင်းအတာတစ်ခုလောက်ထိ ထိန်းထားနိုင်တာပေါ့။ ဈေးတွေလည်း ဝုန်းဒိုင်းကျဆင်းမသွားတော့ဘူးပေါ့ဟု ဧရာဝတီတိုင်းဒေသကြီး ဆန်စက်အသင်း အတွင်းရေးမှူး ဦးမောင်မောင်ဝင်းကပြောသည်။ အရန်ဆန်ဝယ်ယူခြင်းကို အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်း၍ နှစ်ခါမျှ ဝယ်ယူဖူးကြောင်း၊ ထိုအချိန်က စပါးနှင့် ဆန်ဈေးကို ထိန်းထားပေးနိုင်ခဲ့ကြောင်း ပြောသည်။ လက်ရှိအခြေအနေတွင် တောင်သူများကလည်း စပါးအတိုင်း ပြည်ပသို့ တင်ပို့ခွင့်ပေးရန် လိုလားလျက်ရှိသည်။ သာယာဝတီမြို့နယ် လယ်ယာလုပ်ငန်းနှင့် ဆန်စက်ပိုင်ရှင်လည်းဖြစ်သူ ဦးဝင်းသိန်းက ဈေးကွက်မူဝါဒ ပြုပြင်ပေးဖို့ဆိုတာ အဓိကတော့ အစိုးရချင်းချိတ်ဆက်ပြီးရောင်းပေးရမယ်။ ရခိုင်နဲ့ ဂံလားဒေ့ရှ်နယ်စပ် ကုန်သွယ်ရေးအပေါက်တွေ လွတ်လွတ်လပ်လပ် ဖွင့်ပေးလိုက်လေဟု ပြောသည်။ လွတ်လပ်သော တောင်သူလယ်သမားများအသင်းက အခြေခံစပါးဈေးနှုန်းနှင့် ပတ်သက်၍ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းရရှိရေးနှင့် စပါးအတိုင်း ပြည်ပတင်ပို့ခွင့်ပေးရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့သို့ စာပို့တင်ပြထားကြောင်းသိရသည်။

**Source:** https://www.facebook.com/thefarmermedia/photos/a.301081060006087/2492069744240530/?type=3&theater

## မကွေးတိုင်း အတွင်းနေကြာကို သီးထပ်စိုက်ပျိုးမှု များပြားလာ




မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများတွင် ယခုရာသီအတွင်း မိုးဦးနှမ်းနှင့် မြေပဲများနုတ်သိမ်းပြီးချိန်ဖြစ်သဖြင့် ကြားသီးနှံသီးထပ်အဖြစ် နေကြာကိုစိုက်ပျိုးလာကြပြီး ယခင်နှစ်များထက် နေကြာစိုက်ပျိုးမှု ပိုများလာကြောင်းသိရသည်။ ယခင်နှစ်များက နေကြာကို မိုးရာသီအကုန် ဆောင်းအကူး၌ မြေနုကျွန်းများ၌စိုက်ပျိုးကြပြီး ၂၀၁၆-၁၇ စိုက်ပျိုးရာသီမှ စတင်၍ ယာများတွင် မြေပဲ၊ နှမ်း၊ ပဲစင်းငုံသီးနှံများနည်းတူ နေကြာကို တောင်သူများ ပိုမိုစိုက်ပျိုးလာကြခြင်းဖြစ်သည်။ တောင်သူတွေမှာ နှမ်းကအပျက်များတော့ နေကြာစိုက်တာများကြတယ်။ မျိုးဈေးထက် ဆီဈေးကကောင်းတော့ ဆီကြိတ်ရောင်းဖို့စိုက်တာပိုများတယ်။ မျိုးက အပြင်အလွတ်ဈေးက သိပ်မရှိဘူးဟု မင်းဘူးခရိုင် သီးနှံကာကွယ်ရေးတာဝန်ခံ(ငြိမ်း) ဦးသိန်းဝင်းက ပြောသည်။ ယခုနှစ်တွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ မင်းဘူး၊ စလင်း၊ ဆော၊ ကျောက်ထု၊ ဂန့်ဂေါမြို့နယ်များတွင် နေကြာစိုက်ပျိုးမှု ပိုများပြားခဲ့ပြီး ၂၀၁၈ ခုနှစ်က တိုင်းဒေသကြီးအတွင်း နေကြာစိုက်ဧက ၁၁၀၀၀၀ ကျော် စိုက်ပျိုးခဲ့ကြောင်း စိုက်ပျိုးရေး ဦးစီးဌာနထံမှသိရသည်။ မင်းဘူးမြို့နယ် မောင်းမကန်ကျေးရွာမှ ဦးစန်းဦးက အခုလို မိုးအကုန် ဆောင်းအကူးကာလမှာ စိုက်တဲ့နေကြာက အပင်ကြီးထွားနှုန်းကောင်းမွန်တယ်။ မျိုးကတော့ စပ်မျိုး(၁) နေကြာစိုက်တယ်။ သုံးလလောက်ဆိုရင် နေကြာကရပြီဟု ပြောသည်။

စပ်မျိုးနေကြာ(၁)ကို ကီလို ၃၀ ပါတစ်ထုပ်လျှင် ကျပ် ၁၃၅၀၀ ဖြင့်ဝယ်ရပြီး စိုက်ပျိုးရာတွင် ကုန်ကျ စရိတ်သက်သာကြောင်း၊ စက်တင်ဘာလမှ စတင်စိုက်ပျိုးလျှင် ဒီဇင်ဘာလဆန်းတွင် ထွက်ရှိသည်။ နေကြာတစ်ဧက အထွက်နှုန်း ၃၅ တင်းမှတင်း ၄၀အထိရကြကြောင်းသိရသည်။ စပ်မျိုးနေကြာတစ်တင်းကို ဆီကြိတ်လျှင် ငါးပိဿာခွဲခန့်အထိထွက်ရှိသည်။ ဆီအရောင်းဆိုင်များတွင် နေကြာဆီတစ်ပိဿာလျှင် ကျပ် ၄၅၀၀ ရောင်းချကြကြောင်းသိရသည်။

**Source:**https://www.facebook.com/thefarmermedia/photos/a.301081060006087/2492059610908210/?type= 3&theater

## EU နဲ့ ကုန်သွယ်ရေးအငြင်းပွားမှု ကန်အနိုင်ရ

ဥရောပ လေယာဉ်တည်ဆောက်ရေးကုမ္ပဏီ Airbus ကို ဥရောပသမဂ္ဂ EU က တရားမဝင်ထောက်ပံ့ကြေးတွေ ပေးခဲ့တဲ့ ကိစ္စနဲ့ပတ်သက်ပြီး အမေရိကန်ပြည်ထောင်စုက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကို တိုင်ကြားထားတဲ့ကိစ္စမှာ အမေရိကန်ဘက်က အနိုင်ရရှိခဲ့ပါတယ်။ အဲဒီလိုအနိုင်ရရှိတဲ့အတွက် စံချိန်တင်လျော်ကြေးငွေ အမေရိကန် ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံရရှိမှာ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ EU ကို ပြစ်ဒဏ်ခတ်တဲ့အနေနဲ့ အမေရိကန်ပြည်ထောင်စုဟာ ဥရောပသမဂ္ဂက သွင်းကုန်တွေ အမျိုးမျိုးအပေါ် အောက်တိုဘာလ ၁၈ ရက်နေ့ကစပြီး သွင်းကုန်ခွန်တွေ စည်းကြပ်သွားမှာဖြစ်ပါတယ်။

ဥရောပဟာ နှစ်ပေါင်းတော်တော်များများ Airbus ကုမ္ပဏီကို ထောက်ပံ့ကြေး အမြောက်အမြား ကူညီပေးအပ်နေခဲ့ရာမှာ အမေရိကန်လေကြောင်းကုမ္ပဏီတွေနဲ့ အလုပ်သမားတွေအပေါ်များစွာထိခိုက်ခဲ့ကြောင်း၊ တိုင်ကြား တရားစွဲဆိုပြီး ၁၅ နှစ် အကြာမှာမှ အမေရိကန်တို့အနေနဲ့ ဥရောပအပေါ် တန်ပြန်သွင်းကုန်ခွန်တွေ စည်းကျပ်ခွင့်ရှိတယ်ဆိုတာကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ WTO က အတည်ပြုပေးခဲ့ကြောင်း အမေရိကန်ကုန်သွယ်ရေး ကိုယ်စားလှယ်တော် Robert Lighthizer က ပြောပါတယ်။

အမေရိကန်ပြည်ထောင်စုကို ရောက်ရှိနေတဲ့ ဖင်လန်သမ္မတနဲ့အတူ ပူးတွဲ သတင်းစာ ရှင်းလင်းပွဲမှာတော့ အမေရိကန် သမ္မတဒေါ်နယ်ထရမ့်က WTO ရဲ့ ဆုံးဖြတ်ချက်ဟာ အမေရိကန်အတွက် နိုင်ပွဲကြီးတစ်ခုအဖြစ်ပြောကြားခဲ့ပါတယ်။ WTO ရဲ့ ဆုံးဖြတ်ချက်ဟာ အပြီးသတ်ဆုံးဖြတ်ချက်ဖြစ်ပြီး အယူခံတင်ခွင့်မရှိပါဘူး။ ဒါပေမဲ့ EU က ထုတ်ပြန်တဲ့ ကြေညာချက်မှာတော့ WTO က ခွင့်ပြုပေးခဲ့တဲ့ တန်ပြန်ဆောင်ရွက်မှုတွေကို အမေရိကန်ပြည်ထောင်စုဘက်က လုပ်လာမယ်ဆိုရင် EU အနေနဲ့ တစ်ခြားရွေးစရာမရှိပဲ အလားတူတန်ပြန်ဆောင်ရွက်ရန်သာရှိကြောင်း ပါရှိခဲ့ပါတယ်။ အမေရိကန်ဟာ ဥရောပလုပ် လေယာဉ်တွေအပေါ် သွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်းကောက်ခံဖို့ရှိပြီး Scotch နဲ့ Irish ဂီစကီတွေအပါအဝင် ဥရောပ ထွက်ကုန်ပစ္စည်း တော်တော်များများကို သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်း ကောက်ခံဖို့ရှိပါတယ်။

**Source: VOA Burmese News**

https://www.facebook.com/kope.aung

## ကျောက်စိမ်းရိုင်း တူးဖော်မှုလုပ်ငန်းများ ပြန်လည်စတင်

လုံးခင်းဖားကန့်ရတနာနယ်မြေရှိ ကျောက်စိမ်းရိုင်းတူးဖော်မှုလုပ်ငန်းများ အောက်တိုဘာလ ၁ ရက်မှစ၍ ပြန်လည် တူးဖော်လုပ်ကိုင်နိုင်ပြီဖြစ်ကြောင်း သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းက ထုတ်ပြန်ကြေညာသည်။ ယင်းရတနာနယ်မြေအတွင်းရှိ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်း များကို ပြီးခဲ့သော မိုးရာသီကာလအတွင်း ဇူလိုင်လမှစက်တင်ဘာလအထိ သုံးလတာယာယီရပ်နားခဲ့သည်။

**Source:** The Myanmar Times

https://www.facebook.com/kope.aung

## အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီနှင့် ရန်ကုန်တိုင်းရင်းနှီးမြှုပ်နှံမှုကော်မတီတို့တွေ့ဆုံ




ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီနဲ့ အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီတို့ စက်တင်ဘာ ၃၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံးမှာ တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ အမေရိကန်-အာဆီယံ စီးပွားရေး ကောင်စီက မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်ဖို့ လုပ်ထုံး လုပ်နည်းမူဝါဒတွေကို လာရောက်လေ့လာတာဖြစ်တယ်လို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောပါတယ်။ အောက်တိုဘာ ၁ ရက်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ရုံးမှာ ပြုလုပ်တဲ့ မီဒီယာတွေ့ဆုံပွဲမှာ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က အခုလို ပြောကြားခဲ့တာပါ။ ကျွန်တော်တို့ဆီကို လာတဲ့ အဖွဲ့မှာ လူ ၁၇ ယောက်ပါပါတယ်။ လူ ၁၇ ယောက်မှာ လုပ်ငန်းပေါင်းစုံပါပါတယ်။ လက်ရှိလုပ်နေတဲ့လုပ်ငန်းတွေ တိုးမြှင့်

ဆောင်ရွက်ဖို့နဲ့ ကျွန်တော်တို့ကိုမေးတယ် ကျွန်တော်တို့နိုင်ငံက ဘာအစီအစဉ်နဲ့သွားမလဲပေါ့လို့ ဦးသန့်စင်လွင်က ပြောပါတယ်။

အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီအဖွဲ့မှာ အမေဇုန်၊ ကိုကာကိုလာ၊ ဂူးဂဲလ်စတဲ့ အမေရိကန်ကုမ္ပဏီ (၁၂)ခုနဲ့ အဖွဲ့အစည်း(၁၃)ဖွဲ့ပါဝင်ပြီး စက်တင်ဘာ(၃၀)ရက်ကနေ အောက်တိုဘာ(၃)ရက်အထိ ရန်ကုန်၊ နေပြည်တော်နဲ့ မန္တလေးတိုင်းတို့မှာရှိတဲ့ အစိုးရအဖွဲ့တာဝန်ရှိသူတွေနဲ့တွေ့ဆုံပြီး မြန်မာနိုင်ငံရဲ့ ပြည်တွင်းစီးပွားရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် နည်းပညာအကူအညီတွေ ကူညီနိုင်ဖို့ ဆွေးနွေးမယ်လို့သိရပါတယ်။

**Source:** https://www.facebook.com/onenewsmyan/

## ချင်းပြည်နယ် တွန်းဇံမြို့နယ်တွင် ဆယ်စုနှစ်ကျော် ရပ်နားထားခဲ့သော ပိုးမွေးမြူရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လာ

ချင်းပြည်နယ် တွန်းဇံမြို့နယ်တွင် ဆယ်စုနှစ်ကျော်ရပ်နားထားခဲ့သော ပိုးမွေးမြူရေးလုပ်ငန်းများ ပြန်လည်စတင် လုပ်ကိုင်လာကြောင်းသိရသည်။ ဒီလုပ်ငန်းကို အဓိကလုပ်ရတာက တွန်းဇံနယ်မှာတော့ ဝန်ထမ်းကလွဲပြီးတော့ ဝင်ငွေရတဲ့လုပ်ငန်းက မယ်မယ်ရရမရှိဘူး။ ဒီပိုးမွေးမြူရေးလုပ်ငန်းက အောင်မြင်ခဲ့ပြီးတဲ့လုပ်ငန်းဖြစ်လို့ ပြန်စလိုက်ရင် ဒေသခံတွေအနေနဲ့က ပညာရေးလည်းမလိုဘူး။ လက်ရှိတယ် ခြေထောက်ရှိတယ်ဆိုရင် ဝင်ငွေရနိုင်တဲ့လုပ်ငန်းဖြစ်လို့ ဒီလုပ်ငန်းကို တွန်းဇံနယ်မှာရှိတဲ့ဒေသခံတွေ ပုံမှန်ဝင်ငွေရရှိစေဖို့အတွက် ပြန်လည်လုပ်ကိုင်တာပါ။ ဒီလုပ်ငန်းက သုတေသနလုပ် စရာမလိုဘဲနဲ့ အောင်မြင်ပြီးသားလုပ်ငန်းတစ်ခုကို ပြန်လည်အစပြုတဲ့အခါ မျှော်လင့်ချက်အကြီးကြီးရှိပါတယ်။ ပိုးမွေးမြူရေး လုပ်ငန်းက နိုင်ငံခြားမှာသွားသင်စရာမလိုသလို ဘယ်သူ့ဆီမှလည်း သွားသင်စရာမလိုဘူး။ ဒီလုပ်ငန်းက မိရိုးဖလာက တတ်ပြီးသား ပညာတစ်ခုဖြစ်နေတယ်။ လူထုတောင်သူတွေကို စည်းရုံးရတာအရမ်းလွယ်ကူတယ်။ ဒီနယ်မြေမှာက မြေကြီးနဲ့ပတ်သက်ရင် ဝယ်စရာမလိုဘူးလို့ ပြောလို့ရတာပေါ့။ ပိုင်ဆိုင်မှုကတော့ အစိုးရဆီမှာလုပ်ရမှာပေါ့။ ဒီနယ်မှာ နောက် လေးငါးနှစ်လောက်ဆိုရင် ပိုးမွေးမြူရေးလုပ်ကိုင်ပြီး ကိုယ်ပိုင်ဝင်ငွေနဲ့ ဝမ်းစာဖူလုံဖို့ လိုအပ်ပါ့မယ်။ ဒီလုပ်ငန်းအခက်အခဲက ကျန်းမာတဲ့ ပိုးဥရရှိဖို့နဲ့ ဒုတိယအနေနဲ့က ဒီပိုးအိမ်တွေ ဝယ်လက်ရှိဖို့လိုတာပေါ့။ ကျွန်တော်ဂျပန်နဲ့ထိုင်းမှာ သွားလေ့လာတော့ ထုတ်လုပ်နိုင်တယ်ဆိုရင်တော့ ဈေးကွက်အနေနဲ့အခက်အခဲမရှိဘူးလို့သိရပါတယ်။ ဒေသခံတွေအနေနဲ့ လုပ်ဖူးတဲ့သူတွေက ပြန်လုပ်ချင်တဲ့ အနေအထားရှိပါတယ်။ လူငယ်ပိုင်းကို တော်တော်စည်းရုံးရဦးမှာပါ။ ဒါပေမဲ့ ဒီလုပ်ငန်းက စံပြ တစ်ခု အနေနဲ့လုပ်ပြီးတော့ အောင်မြင်လာတာတွေ့ရင်တော့ အကျိုးအမြတ်ရှိမှန်း သိလာရင်တော့ အတုယူလိုက်လုပ်ချင်တဲ့သူရှိပါတယ်။ လုပ်ငန်းတစ်ခုခုစတဲ့အခါမှာ ငွေရေးကြေးရေးပဲဖြစ်ဖြစ်၊ ဒေသဆိုင်ရာအာဏာပိုင်တွေရဲ့ လာရောက်လေ့လာအားပေးပြီး ကူညီနိုင်တဲ့အပိုင်းကနေ ကူညီပေးဖို့လိုပါတယ်။ စိတ်ဝင်စားတဲ့ကုမ္ပဏီတွေလည်း ကျွန်တော်တို့နဲ့အတူ လက်တွဲလုပ်နိုင်ပါတယ်ဟု မုခွယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးဆောမ်လျန်းပေါင်က ပြောကြားသည်။

တွန်းဇံမြို့နယ်တွင် ပိုးမွေးမြူရေးလုပ်ငန်း ပြန်လည်လုပ်ကိုင်နိုင်ရန်အတွက် ပိုးစာပင်စိုက်ခြင်း၊ ပိုးမွေးမြူရေး သင်တန်းများနှင့် ပိုးအိမ်ဈေးကွက်ရရှိရေးအတွက် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ချိတ်ဆက်ပေးသွားမည်ဟု စက်တင်ဘာ ၁၁ ရက်တွင် ကျင်းပသော ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ၁၃ ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တွန်းဇံမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမ်ခန့်ထန်၏မေးမြန်းမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်ကဖြေကြားခဲ့ခြင်းဖြစ်သည်။ တွန်းဇံမြို့နယ်မှာက အရင်တုန်းက ပိုးစာခြံမှာ ပိုးထုတ်လုပ်ပြီး တောင်သူတွေကိုဖြန့်ဝေပြီး မွေးမြူစေခဲ့တာပါ။ ပိုးအိမ်ကိုလည်းဌာနကနေ ပြန်လည်ဝယ်ယူပေးခဲ့ပြီး ဆန်တို့ ရေနံဆီတို့ကိုလည်း ထောက်ပံ့ပေးခဲ့တယ်။ ထွက်လာတဲ့ချည်ကို တီးတိန်ပိုးချည်ဆွဲစက်မှာဆွဲပြီး အမရပူရကို ပိုးချည်ပိဿာလိုက်ရောင်းချပေးပါတယ်။ ပိုးစာလုပ်ငန်းက အခုနောက်ပိုင်းမှာ တဖြည်းဖြည်းနဲ့ ကုန်ဈေးနှုန်းကလည်း တက်လာတယ်။ ချက်ချင်း ပိုးအိမ်ဈေးနှုန်းတက်မပေးဘူး။ တောင်သူတွေ ပိုးမွေးရတာ တွက်ခြေမကိုက်ဘူး။ ပိုးအိမ်တွေကို ဌာနကနေပြီးတော့ မဝယ်တော့ဘူး။ ပိုးအိမ်အဝယ်ဒိုင်ဖွင့်မယ့်သူလည်းမရှိတော့ ပိုးမွေးမြူရေးပျက်သုဉ်းတာပေါ့။ ၂၀၀၅ ခုနှစ်ကစပြီး ပိုးမွေးမြူရေး လုပ်ငန်းတွေ နားသွားပါတယ်။ ပိုးမွေးမြူရေးလုပ်ငန်း ပြန်စတာ လွန်ခဲ့တဲ့နှစ်နှစ်၊ သုံးနှစ်လောက်က ပြန်စလာတာ။ မြို့နယ်အနေနဲ့ အရင်တုန်းကပိုးမွေးခဲ့ပြီး ပျက်သုဉ်းလာတော့ မြို့မိမြို့ဖတွေကလုပ်ငန်းကို သံယောဇဉ်ရှိတော့ ပုဂ္ဂလိကလုပ်ငန်း တစ်ခုလို ပြန်ထူထောင်လာတဲ့သဘောပါဟု ပိုးမွေးမြူရေးလုပ်ငန်းတွင် နှစ်ပေါင်း ၃၀ ကျော် လုပ်ကိုင်ခဲ့သူ ဦးငိုလ်ခန့်ခိုင်က ပြောကြားသည်။

**Source:** https://news-eleven.com/article/138053

## မြန်မာ့စက်မှုကုန်ထုတ်လုပ်ငန်းများ၏ တိုးတက်မှုနှုန်း ခြောက်လအတွင်းအနိမ့်ဆုံးသို့ အားပျော့သွားပြီး ထုတ်ကုန်များ၏ ပျမ်းမျှရောင်းဈေး ဆက်တက်နေကာ ငွေကြေးဖောင်းပွမှုနှုန်းဆက်လက်မြင့်တက်နေ

မြန်မာ့စက်မှုကုန်ထုတ်လုပ်ငန်းများ၏တိုးတက်မှုနှုန်း ခြောက်လအတွင်း အနိမ့်ဆုံးသို့အားပျော့သွားပြီး ထုတ်ကုန်များ၏ ပျမ်းမျှရောင်းဈေး ဆက်တက်နေကာ ငွေကြေးဖောင်းပွမှုနှုန်း ဆက်လက်မြင့်တက်နေကြောင်း ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွက် ထုတ်ပြန်သော နစ်ကေးမြန်မာ့စက်မှုကုန်ထုတ်လုပ်ငန်း PMI အညွှန်းကိန်း (Manufacturing Purchasing Manager's Index – ဝယ်ယူရေး မန်နေဂျာများ၏ အညွှန်းကိန်း) အရသိရသည်။ လုပ်ငန်းလည်ပတ်မှုအခြေအနေတစ်ရပ်လုံး၏ နောက်ဆုံးတိုးတက်မှုမှာ ရှစ်လအတွင်း ပူးတွဲအနှေးဆုံးဖြစ်နေသော်လည်း လုပ်ငန်းတိုးတက်မှုနှုန်း ကောင်းမွန်နေဆဲဖြစ်သည်။ အော်ဒါမှာယူမှုပမာဏများ အခိုင်အမာတိုးလာခဲ့ပြီး ဩဂုတ်လနှင့်ယှဉ်လျှင် တိုးတက်မှုနှုန်းအရှိန်ရလာသော်လည်း ထုတ်လုပ်မှုမှာ မတ်လမှစပြီး အားအပျော့ဆုံးနှုန်းဖြင့် တိုးတက်လာခဲ့သည်။ လုပ်သားအင်အားဦးရေမှာ စက်တင်ဘာလတွင်ဆက်ပြီး တိုးလာခဲ့ရာ အလုပ်သစ်ဖန်တီးမှုနှုန်းမှာ လေးလအတွင်း အများဆုံးဖြစ်လာသည်။ ယင်းအတောအတွင်းမှာ သွင်းကုန်စျးနှုန်းများဖောင်းကြွမှုမှာ ခြောက်လအတွင်း အနိမ့်ဆုံးသို့ကျဆင်းသွားခဲ့သည်။

မြန်မာ့စက်မှုကုန်ထုတ်လုပ်ငန်း PMI အညွှန်းကိန်းသည် စက်တင်ဘာတွင် ဩဂုတ်လ၏ ၅၂ အတိုင်း မပြောင်းလဲဘဲရှိခဲ့ရာ မြန်မာနိုင်ငံ ကုန်ထုတ်လုပ်မှုကဏ္ဍအခြေအနေမှာ အသင့်အတင့်တိုးတက်လာခြင်းကို အချက်ပြနေသည့်အပြင် နောက်ဆုံးအညွှန်းမှာ စစ်တမ်း၏ပျမ်းမျှထက် ဆက်လက်မြင့်တက်နေသည်။ သို့သော် နောက်ဆုံးသုံးလပတ်၏ ပျမ်းမျှ ၅၂ ဒသမ ၃ က တိုးတက်မှုအခြေအနေ သိသာစွာအားပျော့လာကြောင်းသိရသည်။ လုပ်ငန်းလည်ပတ်မှုအခြေအနေများ အသင့်အတင့်တိုးတက်လာခဲ့ခြင်း၏ အဓိကပံ့ပိုးချက်တစ်ရပ်မှာ အော်ဒါမှာယူမှုပမာဏများ ပို၍တိုးတက်လာခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းသစ်များတိုးရလာသည့်နှုန်းမှာမူ ဩဂုတ်လတွင် မြင်တွေ့ခဲ့ရသည့်နှုန်းထက် ခိုင်မာသည့်နှုန်းအထိ ပိုအရှိန်မြင့်လာခဲ့ပြီး စစ်တမ်းပျမ်းမျှအထက်တွင်ရှိနေသည်။ အခြားတစ်ဖက်တွင် ထုတ်လုပ်မှုတိုးတက်မှုနှုန်းမှာ ခြောက်လအတွင်း အနိမ့်ဆုံးသို့ အားပျော့သွားခဲ့ပြီး ထိုသို့ဖြစ်ရခြင်းမှာ ကုမ္ပဏီများက အော်ဒါမှာယူမှုပမဏများ အခိုင်အမာတိုးရလာခြင်းနှင့် လက်ကျန်အလုပ်များရှင်းပစ်ရန် အားထုတ်မှုများနှင့်ဆက်စပ်နေသည်ဟုဖော်ပြကြသည်။

ဈေးနှုန်းများကို လေ့လာကြည့်လျှင် သွင်းကုန်ဈေးနှုန်းများ၏ ဖောင်းပွမှုမှာ မတ်လမှစပြီး အနည်းဆုံးဖြစ်လာခဲ့ပြီး တိုးတက်မှု နှုန်းမှာ သိသိသာသာ အားပျော့ခဲ့သည်။ ကုမ္ပဏီများက ယင်းတိုးတက်မှုများကို ကုန်ကြမ်း ပစ္စည်းများ ရှားပါးမှုနှင့် လျှပ်စစ်ခတ်အားခ ပိုပေးရခြင်းနှင့် ဆက်စပ်ဖော်ပြခဲ့ကြသည်။ ကုမ္ပဏီများ၏ ပျမ်းမျှရောင်းဈေးများမှာ အတော်အသင့်တိုးလာခဲ့ပြီး ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၈ ခုနှစ် နိုဝင်ဘာမှစပြီး အများဆုံးဖြစ်လာသည်။ စက်တင်ဘာလတွင် အလုပ်သမားအင်အားပမာဏမှာ ဆက်လက်တိုးလာခဲ့ပြီး အလုပ်သစ်ဖန်တီးမှုနှုန်းမှာ လေးလအတွင်း အမြင့်ဆုံးသို့ မြင့်တက်လာခဲ့သည်။ ခြုံပြောရလျှင် အလုပ်နေရာခန့်မှု တိုးတက်မှုနှုန်းမှာ အသင့်အတင့်ရှိခဲ့ပြီး လက်ကျန်လုပ်ငန်းပမာဏသည် ၂၀၁၆ ခုနှစ် ဇွန်လမှစပြီး လစဉ်လတိုင်း တွေ့မြင်ခဲ့ရသကဲ့သို့ ကျဆင်းလာခဲ့သည်။ ကုန်ကြမ်းပစ္စည်းရှားပါးနေသည့်အကြားတွင် သွင်းကုန်ဝယ်ယူမှုနှုန်း ပိုနှေးလာကြောင်း နောက်ဆုံးရအချက်အလက်ကထောက်ပြနေသည်။ လာမည့် ၁၂ လ အတွင်း ထုတ်လုပ်မှုဆိုင်ရာ မျှော်လင့်ချက်များမှာ စက်တင်ဘာလတွင် သိသိသာသာအားပျော့လာခဲ့ပြီး အပြုသဘောဆောင် သည့် စိတ်ခတ်ပမာဏမှာ ငါးလအတွင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းသွားခဲ့သည်။ ယခုထုတ်ပြန်ထားသော စစ်တမ်းကို HIS Markit က စက်မှုကုန်ထုတ်လုပ်ငန်းများထံမှ ကောက်ယူစုစည်း ရရှိသည့်စစ်တမ်း မူလကိန်းဂဏန်းများကို အခြေခံပြုစုထားခြင်းဖြစ်ပြီး ဂျပန်အခြေစိုက် Nikkei မီဒီယာအုပ်စုက ပံ့ပိုးထားခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/137827

## ယခုနှစ်တွင် မွန်ပြည်နယ်၏ ဆားထုတ်လုပ်မှုလျော့ကျ

မွန်ပြည်နယ်တွင် ယခုနှစ် ဩဂုတ်လဆန်းက မိုးရွာသွန်းမှုများပြားခဲ့ခြင်းသည့်အတွက် ဆားကွင်းများပျက်စီးခဲ့ ရခြင်းကြောင့် ဆားထုတ်လုပ်မှုလျော့ကျသွားကြောင်း ကုန်သည်များကပြောသည်။ ဩဂုတ်လက ရွာသွန်းခဲ့တဲ့မိုးကြောင့် သံဖြူဇရပ်မြို့နယ်မှာရှိတဲ့ ဆားကွင်းတွေ အများဆုံးပျက်စီးခဲ့တာဟာ ဆားဂိုဒေါင်အများစုလည်း ရေနစ်ခဲ့လို့ ဆားပိဿာချိန် ၄၀ သိန်းကျော်လောက်ပျက်စီးခဲ့တယ်။ ပြည်နယ်အတွင်း ငါးလုပ်ငန်းတွေအတွက် သုံးစွဲမှုက လုံလောက်အောင်ဆောင်ရွက်နိုင်ပေမယ့် ပြည်တွင်းဖြန့်ဖြူးတာတော့ လျော့နည်းခဲ့တယ်ဟု သံဖြူဇရပ်ရှိ ကုန်သည်ဦးမော်ကပြောသည်။ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်က မွန်ပြည်နယ်၌ ဆားကွင်း ၇၆ ကွင်း လုပ်ကွက်ဧက ၃၀၀၀ ခန့်မှ ဆားကြမ်း မက်ထရစ်တန်ချိန် ၂၃၀၀၀ ခန့် ထုတ်လုပ်နိုင်ခဲ့ပြီး ပုဂ္ဂလိက ဆားချောကြိတ်စက် အရေအတွက် ၃၂ ခုမှ ဆားကြမ်း မက်ထရစ်တန်ချိန် ၇၀၀၀ ကျော်၊ စုစုပေါင်းတန်ချိန် ၃၀၀၀၀ ကျော် ထုတ်လုပ်နိုင်ခဲ့ပြီး၊ ယခုဘဏ္ဍာနှစ် လက်ရှိ အချိန်အထိ ဆားကြမ်း မက်ထရစ်တန် ၂၅၀၀၀ ကျော်သာ

ထုတ်လုပ်ထားနိုင်ကြောင်းသိရသည်။

သံဖြူဇရပ်မြို့နယ်မှ ဆားချက်တောင်သူ ဦးညိုလှိုင်မြင့်က ဆားကိုပြည်တွင်းမှာပဲ အများဆုံးထုတ်လုပ်ရောင်းချတယ်။ ဆားထုတ်လုပ်တဲ့ရာသီကုန်ပြီး ၄ လလောက်ဆိုရင် ဈေးကွက်မှာလက်ကျန်ပြတ်သွားတတ်တယ်။ အဲ့ဒီအချိန်ဆိုရင် ဈေးတက်လာတယ်။ ဒီနှစ်ထဲမှာ ဆားဝယ်ယူမှုတွေပိုများခဲ့လို့ သုံးစွဲမှုလည်းတက်လာတယ်လို့ ပြောနိုင်တယ်ဟုပြောသည်။ မွန်ပြည်နယ်သည် ဆားထုတ်လုပ်မှုများသည့် ပြည်နယ်ဖြစ်သည့်အတွက် လုပ်ငန်းများတိုးချဲ့ခြင်း၊ စက်ရုံများတည်ထောင်ခြင်းနှင့် ဈေးကွက်ချိတ်ဆက်မှုတို့အတွက် ငွေကြေးအရင်းအနှီး အခက်ခဲများရှိနေကြောင်း ၎င်းကဆက်လက်ဆိုသည်။ ထို့ကြောင့် ဆားဈေးကွက်အတွင်း ဆားကြမ်းတစ်ပိဿာလျှင် ၁၆၀ ကျပ်မှ ၂၀၀ ကျပ်အထိ မြင့်တက်လာခဲ့ကြောင်း ဆားချော( အိုင်ပိုဒင်းဆား) တစ်ပိဿာလျှင် ၃၀၀ ကျပ်မှ ၄၅၀ ကျပ်ကြားရှိနေပြီး ၁၀၀ ကျပ်ခန့် ဈေးမြင့်တက်လာကြောင်း သိရသည်။

လက်ရှိ ဆားဈေးကွက်အတွင်းသို့ တရုတ်၊ ထိုင်းနိုင်ငံဘက်မှ ဝင်ရောက်လာသည့် ဆားချောများရှိနေသော်လည်း ပြည်တွင်းသုံးစွဲသူများမှ အိမ်သုံးဆားသုံးစွဲမှုလျော့ကျမသွားပဲ တိုးလာသည့်အပြင် စိုက်ပျိုးရေးလုပ်ငန်းများဖြစ်သည့် စပါးစိုက်ခင်းများတွင် ဓာတ်ဆားသဘောမျိုး ဆားပက်အသုံးပြုလာကြကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် ဆားထုတ်လုပ်မှုကို ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် အများဆုံးထုတ်လုပ်ပြီး၊ တစ်နိုင်ငံလုံး၏ ဆားထုတ်လုပ်မှုမှာ တန်ချိန် ၂၀၀၀၀၀ အထိ ရှိလာကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2473865439365604?__tn__=K-R

## မြန်မာ့လယ်ယာထွက်ကုန်များ ဩစတေးလျသို့ တင်ပို့နိုင်ရေးဆွေးနွေးထား

မြန်မာ-ဩစတေးလျ နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးအပါအဝင် မြန်မာ့လယ်ယာထွက်ကုန်များ သတ်မှတ် အရည်အသွေး စံချိန်စံညွှန်းများအတိုင်း လိုက်နာတင်ပို့နိုင်ရေး မြန်မာနိုင်ငံဆိုင်ရာ ဩစတေးလျသံအမတ်ကြီးနှင့် ဆွေးနွေးထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ ဩစတေးလျကို မြန်မာ့လယ်ယာထွက်ကုန်တွေ တင်ပို့နေတယ်။ အရည်အသွေးမီစွာ တင်ပို့နိုင်မှ ဈေးကွက်ရရှိမှာဖြစ်တယ်ဟု အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောသည်။ လက်ရှိဆွေးနွေးမှုများတွင် နှစ်နိုင်ငံအကြား ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် အခြေခံအဆောက်အဦးကဏ္ဍတို့တွင် ကူညီပေးရေး၊ သိုလှောင်ရုံအပိုင်းတွင် ငွေကြေးနှင့် နည်းပညာရရှိရေးစသည်တို့ပါဝင်ကြောင်းသိရသည်။

လက်ရှိတွင် ဩစတေးလျနိုင်ငံသို့ လက်ဖက်၊ ကော်ဖီ၊ ကွမ်းသီးနှင့်ရေထွက်ကုန်များ တင်ပို့လျက်ရှိပြီး၊ မြန်မာ့သစ်သီးဝလံများ တင်ပို့နိုင်ရန်အတွက် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်ထုတ်လုပ်မှုကို နိုင်ငံတကာအဆင့်အထိ တင်ပို့ရောင်းချနိုင်သည့် တန်ဖိုးကွင်းဆက်အထိ ရရှိရန်လိုအပ်ခြင်း၊ စိုက်ပျိုးမှုကဏ္ဍသွင်းအားစု အရည်အသွေးမီသုံးစွဲနိုင်ခြင်း၊ ပြည်ပတင်ပို့ရန် ထုတ်လုပ်မှုစရိတ် နည်းလမ်း၊ ထုတ်ပိုးမှု၊ အအေးခန်းသိုလှောင်မှုနည်းလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်နေကြောင်းသိရသည်။

လက်ရှိတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် သဘာဝသယံဇာတများ အသုံးပြုခြင်း၊ အခြေခံအ ဆောက်အအုံများ ဆောက်လုပ်ခြင်း၊ စိုက်ပျိုးရေးအခြေခံ စီးပွားရေးလုပ်ငန်းများ၊ စားသောက်ကုန်လုပ်ငန်းနှင့် ပညာရေး ကျန်းမာရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ လက်ရှိ မြန်မာ- ဩစတြေးလျနှစ်နိုင်ငံကုန်သွယ်မှုတွင် သွင်းကုန်ကဏ္ဍမှ အမေရိကန်ဒေါ်လာ ၀ ဒသမ ၈ သန်း၊ ပို့ကုန်ကဏ္ဍမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၃၄ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၃၄ သန်းခန့်ရရှိခဲ့ပြီး၊ မြန်မာနိုင်ငံအနေဖြင့် ဩစတြေးလျနိုင်ငံမှ နို့နှင့်နို့ထွက်ပစ္စည်းများကို အများဆုံးတင်သွင်းလျက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2473696826049132?__tn__=K-R

## ဘိန်းအစားထိုးသီးနှံအဖြစ် တစ်သျှူးငှက်ပျော၊ ရော်ဘာ၊ ပြောင်းတို့ကို တိုးမြှင့်တင်ပို့ခွင့်ရရှိရေး ဆွေးနွေးထား

တရုတ်နိုင်ငံဘက်သို့ ဘိန်းအစားထိုးသီးနှံအဖြစ် တစ်သျှူးငှက်ပျော၊ ရော်ဘာ၊ ပြောင်းတို့ကို တိုးမြှင့်တင်ပို့ခွင့်ရရှိရေး ဆွေးနွေးထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး အစည်းအဝေးကို လေးလတစ်ကြိမ်ကျင်းပဖို့ သဘောတူထားတယ်။ ဒီအစည်းအဝေးတွေကနေ ကုန်သွယ်ရေးအခက်အခဲတွေ၊ ဆောင်ရွက်မယ့်လုပ်ငန်းတွေကို အပြန်အလှန်ဆွေးနွေးနိုင်ဖို့ဖြစ်တယ်ဟု ကန်ပိုက်တီး နယ်စပ်ကုန်သွယ်ရေးစခန်း တာဝန်ခံ

ဒုတိယညွှန်ကြားရေးမှူး ဦးသန့်စင်မင်းကပြောသည်။ ထို့ပြင် နှစ်နိုင်ငံကုန်သွယ်မှု အစည်းအဝေးအရ ကိုတာသတ်မှတ်ထားသော သီးနှံများအနက် တစ်သျှူးငှက်ပျောကို ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ တင်ပို့ခွင့်ပြုထားခြင်း၊ နှစ်နိုင်ငံ ပင်ရင်းသက်သေခံ လက်မှတ်ဆိုင်ရာများ ဆက်လက်ဆောင်ရွက်သွားရေး၊ လူ၊ တိရစ္ဆာန်နှင့် အပင်တို့တွင် ဖြစ်ပွားတတ်သော ကပ်ရောဂါများကို အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး၊ တရုတ်၊ မြန်မာလုပ်သား လူဝင်လူထွက်ဆိုင်ရာများကို အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်ရေးစသည်တို့ကို ဆွေးနွေးထားကြောင်းသိရသည်။

လက်ရှိ ကုန်သွယ်ခွင့်ပြုရာတွင် နိုင်ငံသားများဝင်ထွက်သွားလာလျက်ရှိသော နယ်စပ်ဖြတ်ကျော် ဂိတ်များမှ တရားဝင်ဖြစ်စေရန် စိစစ်ကြပ်မတ်ခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ လက်ရှိ ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်း၏ အဓိကပို့ကုန်များမှာ တစ်သျှူးငှက်ပျော၊ ပြောင်း၊ ဖရဲ၊ စပါးခွံမီးသွေးတောင့်တို့ဖြစ်ပြီး သွင်းကုန်များမှာ ဓာတ်မြေသြဇာ၊ ဘိလပ်မြေ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ မော်တော်ယာဉ်စသည်တို့ကို တင်သွင်းကြောင်းသိရသည်။ ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၆-၁၈ ဘဏ္ဍာနှစ်တွင် ပို့ကုန်မှ ကန်ဒေါ်လာ ၆၄ဒသမ၀၉၄ သန်း၊ သွင်းကုန်မှ ကန်ဒေါ်လာ ၄၂ဒသမ၄၇၇သန်း၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ပို့ကုန်မှ ကန်ဒေါ်လာ ၈၅ဒသမ ၉၂၈သန်း၊ သွင်းကုန်မှ ကန်ဒေါ်လာ ၃၀ဒသမ၇၁၈သန်း စုစုပေါင်းကုန်သွယ်မှု ကန်ဒေါ်လာ ၁၁၆ဒသမ ၆၄၆ သန်းခန့် အသီးသီးရရှိခဲ့ကြောင်းသိရသည်။ အဆိုပါ စခန်းသည် ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ပိုင်းမော်မြို့တွင် တည်ရှိပြီး တရုတ်ပြည် ယူနန်ပြည်နယ်၊ ပေါင်စန်းခရိုင်၊ ထိန်ချုံးမြို့နယ်နှင့် အဓိက ကုန်သွယ်လျက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2471979479554200?__tn__=K-R

## ထောပတ်သီးစိုက်ပျိုးသူများ ဝင်ငွေကောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး၊ ဟိုပုံး၊ ညောင်ရွှေ၊ ပင်လောင်း၊ ဖယ်ခုံနှင့်ရွာငံမြို့စသည့် မြို့နယ် တို့မှ ဒေသခံတောင်သူများအနေဖြင့် ထောပတ်သီးပင်များကို နှစ်အလိုက်တိုးချဲ့စိုက်ပျိုးကြရာ ပြည်ပဝယ်ယူမှုများ ကြောင့် ဈေးကွက်ရရှိလာသဖြင့် ယခင်နှစ်ကထက် ထောပတ်စိုက်ပျိုးတောင်သူများ အဆင်ပြေဝင်ငွေကောင်းရရှိလာ ကြောင်း ထောပတ်စိုက်ပျိုးတောင်သူထံမှသိရသည်။ ပြည်တွင်းဈေးကွက်၌ ထောပတ်သီးအရွယ်အစားပေါ်မူတည်ပြီး တစ်လုံးလျှင် ငွေကျပ် ၂၀၀ မှငွေကျပ် ၁၅၀၀ ဝန်းကျင်အထိ ရောင်းချရကြောင်း၊ ပြည်တွင်းဈေးကွက်အနေဖြင့် ထောပတ်သီးပွဲရုံများမှတစ်ဆင့် ကျိုင်းတုံနှင့် တာချီလိတ်ဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။

ကုန်သည်များသည် ထောပတ်သီးကို ပင်ပြတ်၊ ခြံပြတ်ဝယ်ယူကာ အသီးရင့်မှည့်ပြီး အရည်အသွေးကောင်းရရှိရေး အတွက် အချိန်စောင့်၍ ခူးဆွတ်ရောင်းချရန် ပြင်ဆင်လျက်ရှိကြောင်းနှင့် ထောပတ်သီးပင်များသည် အသီးတင်နှုန်း ယခင်နှစ်ကထက် ပိုမိုကောင်းမွန်သောကြောင့် ထောပတ်သီး ပိုမိုထွက်ရှိနိုင်ကြောင်းသိရသည်။ ပြည်ပဈေးကွက်အနေဖြင့် နှစ်စဉ်ထိုင်းနိုင်ငံသို့ အများဆုံးတင်ပို့ရောင်းချပြီး ဒုတိယအများဆုံးတင်ပို့သည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်သည်။ ယခုနှစ်ထိုင်းနိုင်ငံဈေးကွက်အနေဖြင့် ထောပတ်သီးတစ်ကီလိုလျှင် ထိုင်းဘတ်ငွေ ၅၀ ရှိသဖြင့် မြန်မာငွေကျပ် ၂၄၀၀ ဝန်းကျင် ရရှိကြောင်း ထောပတ်စိုက်ပျိုး တောင်သူများထံမှသိရသည်။

**Source: Myawaddy**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2377-avocado-growers-income.html

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 3rd Oct. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 12,000 | 12,000 | 11,500 | 405 | 4,810,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,900 | -100 | -2.50% | 4,000 | 4,000 | 3,900 | 16,496 | 64,993,250 | 38,929,150 | 151,824 |
| MCB | 00003 | 8,400 | +100 | +1.20% | 8,300 | 8,400 | 8,300 | 37 | 308,300 | 10,400,986 | 87,368 |
| FPB | 00004 | 23,500 | +0 | +0.00% | 23,000 | 23,500 | 23,000 | 183 | 4,212,500 | 2,472,053 | 58,093 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 268 | 804,000 | 12,823,224 | 38,470 |

## Market summary

As of 3rd Oct. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 472.90 | -2.08 | -0.44% | 484.88 | 484.88 | 472.90 | 17,389 | 75,128,550 | 5 | 647,552 |

### Index chart




# Market Overview

As of 1:00 pm, 3rd Oct. 2019

| MYANPIX | 472.90 ▼ 2.08 |
|---|---|
| Total Volume (shares) | 17,389 |
| Total Value (MMK) | 75 mil |
| Listed Company | 5 |
| Market Cap. (MMK) | 647,552 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 3,900 | ▼ 100 |
| MCB | 00003 | 8,400 | ▲ 100 |
| FPB | 00004 | 23,500 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 0 |